အလ္လာဟ်အရှင်မြတ်အား သတိရတသသူနှင့်

သတိရတသမှုမရှိသူတို့၏ ပမာမှာ ရှင်သူနှင့်သေသူတို့၏ပမာအတိုင်းပင် ဖြစ်သည်

အဗူမူစာ အရှ်အရီ (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ အလ္လာဟ်အရှင်မြတ်အား
သတိရတသသူနှင့် သတိရတသမှုမရှိသူတို့၏ ပမာမှာ ရှင်သူနှင့်သေသူတို့၏ ပမာအတိုင်းပင်
ဖြစ်သည်။ (မွတ်စ်လင်မ်ကျမ်း၏ စာသားမှာ) "အလ္လာဟ်အရှင်မြတ်အား သတိရတသမှုရှိသော
အိမ်နှင့် အလ္လာဟ်အရှင်မြတ်အား သတိရတသမှုမရှိသော အိမ်၏ ပမာမှာ ရှင်သူနှင့်
သေသူတို့၏ ပမာအတိုင်းပင် ဖြစ်သည်။" [صحيح] [متفق عليه]

နဗီတမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် အလ္လာဟ်အရှင်မြတ်အားသတိရတသသူနှင့် သတိရတသမှုမရှိသူ၏ ကွာခြားချက်ကို အသက်ရှင်သူနှင့် သေသူ၏ကွာခြားချက်နှင့် ဥပမာထူး၍ ရှင်းလင်းတင်ပြတော်မူခဲ့သည်။ အကြောင်းမှာယင်းကွာခြားချက်သည် အကျိုးကျေးဇူးပေးနိုင်မှု၊ အသွင်အပြင်လှပမှုတို့တွင်အသက်ရှင်သူနှင့် သေသူ၏ ကွာခြားချက်နှင့် တူညီသောကြောင့် ဖြစ်သည်။အလ္လာဟ်အရှင်မြတ်အား သတိရတသသူ၏ ပမာမှာ အသက်ရှင်သူကဲ့သို့ဖြစ်၏။ ထိုသူ၏အပေါ်ယံအသွင်အပြင်သည် အသက်ရှင်သန်မှု၏ အလင်းရောင်ဖြင့် တင့်တယ်လှပ၍၊အတွင်းစိတ်သည်လည်း အသိပညာ၏ အလင်းရောင်ဖြင့် ထွန်းပြောင်နေပြီး အကျိုးကျေးဇူးများစွာဖြစ်ထွန်းစေနိုင်သူဖြစ်၏။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်အား သတိရတသမှုမရှိသူ၏ ပမာမှာသေသူကဲ့သို့ဖြစ်၏။ ထိုသူ၏ အပေါ်ယံအသွင်အပြင်သည် အကျိုးမဲ့ဖြစ်၍ အတွင်းစိတ်သည်လည်းမှားယွင်းပျက်စီးနေပြီး မည်သည့်အကျိုးကျေးဇူးကိုမျှ မဖြစ်ထွန်းစေနိုင်ပေ။ထိုနည်းတူစွာ အိမ်တစ်အိမ်သည်လည်း ထိုအိမ်၌ နေထိုင်သူများက အလ္လာဟ်အရှင်မြတ်အားသတိရတသပါက အသက်ရှင်သော အိမ်ဟု သတ်မှတ်ခံရမည်။ အကယ်၍ သတိရတသမှုမရှိပါကအလ္လာဟ်အရှင်မြတ်၏ သတိရတသမှုမှ ပျောက်ဆုံးနေသော နေထိုင်သူများ ရှိသည့် အိမ်ဖြစ်၍သေသော အိမ်ဟူ၍ သတ်မှတ်ခံရမည်။ အိမ်အား သက်ရှိ၊ သေသူဟုခိုင်းနှိုင်းသုံးစွဲထားသော်လည်း အဓိကအားဖြင့် ယင်းအိမ်၌ နေထိုင်သူများကိုသာရည်ညွှန်းခြင်းဖြစ်သည်။

http://www.sunnah.global/hadeeth/my/show/4177